# မြန်မာနိုင်ငံ ကလေးသူငယ်ဗဟိုပြု
# ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်







ပထမအကြိမ်ထုတ်ဝေခြင်း - ၂၀၁၅

unicef

## မာတိကာ


အမှာစာ ........ 4

ကျေးဇူးတင်လွှာ ........ 6

အတိုကောက် ဝေါဟာရများစာရင်း ........ 7

**အစီရင်ခံစာ၏ ရည်မှန်းချက်နှင့် ရည်ရွယ်သော ပရိသတ်** ........ 9

နောက်ခံ အကြောင်းရင်းများ ........ 10

ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျော့ချရေး ........ 10

ဘေးဖြစ်နိုင်ခြေ ညီမျှခြင်းတွင်ကလေးသူငယ်ဗဟိုပြုခြင်း ........ 11

မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ........ 11

ယူနီဆက်နှင့်မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျော့ချရေး ........ 12

ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် ........ 13

ကန့်သတ်ချက်များ နှင့် အခွင့်အလမ်းများ ........ 14

အထွေထွေ အန္တရာယ်ပြု မြေပုံရေးဆွဲခြင်း ........ 15

ရာသီဥတု ပြောင်းလဲခြင်း ........ 20

ဘေးတွေ့နိုင်ခြေ ........ 20

ထိခိုက်ခံရလွယ်မှုမြေပုံရေးဆွဲခြင်း ........ 21

စွမ်းဆောင်ရည် ........ 24

ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ မြေပုံရေးဆွဲခြင်း ........ 25

**ကလေးသူငယ်ဗဟိုပြုဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ကိုအသုံးပြုခြင်း** ........ 28

ကလေးသူငယ်ဗဟိုပြု ဒဏ်ခံနိုင်မှုအစီအစဉ်ကို အကြံပြု တိုက်တွန်းခြင်း ........ 28

ဘက်စုံ ကဏ္ဍစုံ ပါဝင်ဆောင်ရွက်ခြင်း ........ 29

ဘေးအန္တရာယ်ကျရောက်နိုင်မှု ညွှန်းပြသော နိုင်ငံအဆင့် စီမံချက်ရေးဆွဲခြင်း ........ 30

## ပုံအညွှန်းပြ စာရင်း


Figure 1: Myanmar: Natural Hazard Risks, OCHA, 2011 .......... 36
Figure 2: Seismic Zone Map of Myanmar, PSHA Map, MGS, 2012 .......... 37
Figure 3: Myanmar Historical Seasonal Analysis: Population exposed to floods by year during the monsoon between 2000 and 2010, Ithaca/WFP, 2011 .......... 38
Figure 4: Fire Risk Map, Myanmar Hazard Profile, Government of Myanmar, 2009 .......... 39
Figure 5: Technical Opinion, Ranking of Potential Tsunami Hazard in Myanmar, RIMES, 2014 .......... 40
Figure 6: Climate Change Vulnerability Index, NAPA, Government of Myanmar, 2012 .......... 41
Figure 7: RRD's Warehousing Capacity .......... 42
Figure 8: DRR Agencies' Coverage per state/region, MIMU, January 2014 .......... 43

## အမှာစာ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသည် ရေမြေအနေအထားအရ မီးဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ခြင်းနှင့် မိုးကြီးဘေးစသည့်သဘာဝဘေးအန္တရာယ် အမျိုးမျိုး တို့ ကိုရင်ဆိုင်တွေ့နိုင်သော နိုင်ငံတစ်ခုဖြစ်ပါသည်။၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်မှ(၃)ရက်နေ့အထိ မြန်မာနိုင်ငံ ကမ်းရိုးတမ်းကို ဖြတ်ကျော်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင်လူပေါင်း (၂.၄)သန်းခန့် ထိခိုက်ခဲ့ ပြီးအသက်ပေါင်း(၁၃၈၃၇၃)ဦး သေဆုံးခဲ့ပါသည်။ ပျက်စီးဆုံးရှုံးမှု တန်ဘိုးစုစုပေါင်း (၁၀.၇) ထရီလီယံ ကျပ် ရှိခဲ့ပါသည်။ ထိုသို့ထိခိုက်ခံစားခဲ့ရသူအများစုမှာ ဘေးအန္တရာယ်ကျရောက်လွယ်သော အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်အမျိုးသမီးများဖြစ်သည်ကိုတွေ့ရှိရပါသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်း များ ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ (၂၀၁၂)ခုနှစ်တွင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း စီမံ ချက်ကို တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ဖြစ်သည့် ယိုဂိုမူဘောင်လုပ်ငန်းစဉ်များ (Hyogo Framework for Actions) နှင့် အာစီယံဒေသတွင်း သဘောတူညီချက်ဖြစ်သည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုနှင့် အရေးပေါ် တုန့်ပြန်မှု ဆိုင်ရာ အာစီယံသဘောတူညီချက် AADMER (ASEAN Agreement on Disaster Management and Emergency Response)တို့တွင် ပါဝင်သည့် ဆောင်ရွက်ရန် အချက်များနှင့် အညီ ရေးဆွဲနိုင်ခဲ့ပါသည်။ ထို့အပြင် (၂၀၁၃)ခုနှစ် ဇူလိုင်လ(၃၁)ရက်နေ့တွင်သဘာဝဘေးအန္တ ရာယ် ဆိုင်ရာ စီမံ ခန့်ခွဲမှု ဥပဒေ ကိုပြဌာန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။
မြန်မာနိုင်ငံ သဘာဝဘေး အန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက်၏ ကဏ္ဍ (၇)ခုတွင် ကဏ္ဍ (၂)၌ ကျရောက် နိုင်သော သဘာဝဘေး အန္တရာယ်ထိခိုက်ခံရနိုင်မှုနှင့် ဆုံးရှုံးနိုင်မှု အကဲဖြတ်ရေးကို ဆောင်ရွက်ရန် ရေးဆွဲထား သကဲ့သို့ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ အခန်း(၆)၊ ပုဒ်မ(၁၃)(ခ)၌ သဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူ များ နှင့်အမျိုးသမီးများ(အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) အားဦးစားပေးပြီး ကူညီ စောင့်ရှောက်ရမည်ဟုထည့်သွင်းရေးဆွဲထားခဲ့ ပြီးဖြစ်ပါသည်။
ယခု **ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ချက်**သည် မတူညီသော ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မတူညီသော ဒေသများရှိကလေးသူငယ်များ၏ ဘေးအန္တရာယ် ကျရောက် ဖြစ်ပွားနိုင်ခြေများကို လေ့လာဆန်းစစ်ထားသော အစီရင်ခံစာတစ်ခုဖြစ်ပါသည်။ အဆင့်ဆင့်သော သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲရေး အဖွဲ့အစည်းများ အနေဖြင့် အဆိုပါဆန်းစစ်ချက်ပါ အချက်အလက်များကို အသုံးချ၍ "**လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသောဖွံ့ဖြိုးမှု အရှိန်အဟုန်ကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ် များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံ ဖြစ်လာစေရန်**" ဆိုသည့် မြန်မာနိုင်ငံ သဘာဝဘေး အန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ အနာဂတ်အတွက် ရန့်ထုံစွာ ဖူးပွင့်လာ

ကြမည့်ပန်းကလေးများကို သဘာဝဘေးဆိုးများကြောင့်လွင့်ကြွေထိခိုက်မှုမှ အကာအကွယ်ပေးနိုင်ရေး အတွက်လည်း အတိုင်းအတာ တစ်ခုအထိ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။



ဦးစိုးအောင်

ညွှန်ကြားရေးမှူးချုပ်

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် ကို ရေးသားပြုစုရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စားပြု အဓိကလက်တွဲလုပ်ကိုင်ကြရသည့်ဌာနများ ဖြစ်သည့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ မီးသတ်ဦးစီးဌာန များ၏ သတင်းအချက် အလက်ပံ့ပိုးကူညီမှုများ၊ အကြံပြုချက်များ ပါဝင်ခဲ့ပါသည်။ ထို့အတူပင် ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း နည်းစံနစ် များနှင့် အညွှန်းကိန်းများပြုစု သတ်မှတ်ရေး ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ အနီးကပ်ကူညီ ပံ့ပိုးမှုကြောင့်လည်း ဤဆန်းစစ်အကဲဖြတ်ချက် ကို အကောင်အထည် ဖေါ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘေးအန္တရာယ် ကြောင့်ဆုံးရှုံးနိုင် ခြေ လျော့ပါးရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည့် ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေး အစီအစဉ်၊ မြန်မာနိုင်ငံ ငလျင်အသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း တို့မှလည်း ဤ ဆန်းစစ်အကဲဖြတ်ချက်အတွက် လိုအပ်သောအချက်အလက်များစွာကို ကူညီပံ့ပိုးပေးခဲ့ကြပါသည်။ ဒေသအတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးဆိုင်ရာကြိုတင်သတိပေးချက်၏မြန်မာနိုင်ငံအတွက်ဆူနာမီဘေးအန္တရာယ် ဆိုင်ရာ အချက်အလက်များသည်လည်း အလွန်ပင်အရေးပါလှပါသည်။ မြန်မာနိုင်ငံယူနီဆက် အနေဖြင့်ဖေါ်ပြပါအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် ကိုရေးသားပြုစုနိုင်ခဲ့ခြင်း လုပ်ငန်းစဉ်တလျောက် အစစအရာရာအကူအညီပေးခဲ့ကြခြင်းကို အလေးအမြတ်ပြု မှတ်တမ်း တင် အပ် ပါသည်။

ဤစာတမ်းကို ရေးသား ပုံနှိပ် ဖြန့်ဝေ နိုင်ရန်အတွက် ကူညီပံ့ပိုးပေးခဲ့သော **United Kingdom's Department for International Development (DFID)** အားလည်း မှတ်တမ်းတင်အပ်ပါသည်။

ဘာထရန် ဗိန်းဘဲလ်

ဌာနေကိုယ်စားလှယ်

ယူနီဆက်မြန်မာ

# အတိုကောက် ဝေါဟာရများစာရင်း

| | |
|---|---|
| CCA | Climate Change Adaptation<br>ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာဆောင်ရွက်ခြင်း |
| CCRA | Child-Centred Risk Assessment<br>ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် |
| DHS | Demographic and Health Survey<br>လူဦးရေအခြေပြုကျန်းမာရေးစစ်တမ်း |
| DMH | Department of Meteorology and Hydrology<br>မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန |
| DRR | Disaster Risk Reduction<br>ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး |
| DRR WG | Disaster Risk Reduction Working Group<br>ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းအဖွဲ့ |
| HCT | Humanitarian Country Team<br>မြန်မာနိုင်ငံကုလသမဂ္ဂအဖွဲ့များလူသားခြင်းစာနာမှုဆိုင်ရာအဖွဲ့ |
| HFA | Hyogo Framework for Action<br>ယိုဂိုမူဘောင်လုပ်ငန်းစဉ် |
| IASC | Inter-Agency Standing Committee<br>ကုလသမဂ္ဂအဖွဲ့များအကြား မူဝါဒချမှတ်ရေးဆိုင်ရာ ကော်မတီ |
| IHLCA | Integrated Households Living Condition Assessment<br>အိမ်ထောင်စုများလူနေမှုအခြေအနေဆန်းစစ်လေ့လာချက် |
| MAPDRR | Myanmar Action Plan on Disaster Risk Reduction<br>မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် |
| M&E | Monitoring and Evaluation<br>စောင့်ကြည့်အကဲဖြတ်ခြင်း |
| MEC | Myanmar Earthquake Committee<br>မြန်မာနိုင်ငံငလျင်အသင်း |
| MES | Myanmar Engineering Society<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း |
| MICS | Multi-Indicator Cluster Survey<br>စုဖွဲ့ညွှန်းကိန်းများဖြင့်တိုင်းတာသောစစ်တမ်း |
| MIMU | Myanmar Information Management Unit<br>မြန်မာသတင်းနှင့်အချက်အလက်ဆိုင်ရာစီမံခန့်ခွဲမှုဌာန |

| | |
|---|---|
| MGS | Myanmar Geo-Science Society |
| | မြန်မာနိုင်ငံဘူမိဗေဒအသင်း |
| NAPA | National Adaptation Programme of Action |
| | အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရေးလုပ်ငန်းစီမံချက် |
| RIMES | Regional Integrated Multi-Hazard Early Warning System |
| | ဒေသအတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးဆိုင်ရာ ကြိုတင်သတိပေးချက် |
| RRD | Relief and Resettlement Department |
| | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန |
| UNDAF | United Nations Development Assistance Framework |
| | ကုလသမဂ္ဂဖွံ့ဖြိုးမှုအထောက်အကူဆိုင်ရာမူဘောင် |
| UNDP | United Nations Development Programme |
| | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UN-HABITAT | United Nations Human Settlements Programme |
| | ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေးအစီအစဉ် |
| UNICEF | United Nations Children's Fund |
| | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ |
| UNISDR | United Nations International Strategy for Disaster Reduction |
| | ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးမဟာဗျူဟာအဖွဲ့ |
| UNOCHA | United Nations Office for the Coordination of Humanitarian Affairs |
| | ကုလသမဂ္ဂလူသားခြင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး |
| WB | World Bank |
| | ကမ္ဘာ့ဘဏ် |
| WFP | World Food Programme |
| | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |

## အစီရင်ခံစာ၏ ရည်မှန်းချက်နှင့် ရည်ရွယ်သော ပရိသတ်

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများ၏ရွေးချယ်မှုများမှရလာဒ်များကြောင့် ဘေးအန္တရာယ်များ ပိုမိုတိုးပွားလာ နေသည်ဟု သိရှိနားလည်လာကြသည်နှင့်အမျှ သဘာဝနှင့်လူမှဖန်တီးသောဘေးအန္တရာယ် များကိုပိုမို ကောင်းမွန်စွာရင်ဆိုင်နိုင်ရေးသည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ရာ တွင်ထည့်သွင်း စဉ်း စားရ မည့်အချက်တစ်ရပ်ဖြစ်လာပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုအရေးအတွက်နှင့် အသွင်သဏ္ဍာန်လေ့လာချက်များမှပိုမိုကောင်းမွန် သောနားလည်သဘောပေါက်မှုနှင့်လုပ်ဆောင်နိုင်မှုကိုသိရှိစေခဲ့သည့်အလျှောက်၊ ဘေးအန္တရာယ်ကျရောက်နိုင်မှုကိုထည့်သွင်းစဉ်းစားသည့်စီမံချက်ရေးဆွဲခြင်းနှင့်သဘာဝဘေးအန္တရာယ်ကိုထည့်သွင်းစဉ်းစားသည့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည်မရှိမဖြစ်အသုံးချရမည့်နည်းလမ်းများဖြစ်လာပါသည်။ ဘေးအန္တရာယ် ကျရောက် နိုင်ခြေဆန်းစစ်အကဲဖြတ်ချက်သည် ဘေးသင့်နိုင်မှုအခြေအနေသတင်းအချက်အလက်များ၊ လူဦးရေဆိုင်ရာကိန်းဂဏန်းများ၊ ရာသီဥတုပြောင်းလဲခြင်းကြောင့်ထိခိုက်လွယ်မှုများ၊ လူမှုစီးပွား ဆိုင်ရာ ထိခိုက်လွယ်မှု များနှင့် ဒေသဆိုင်ရာ စွမ်းဆောင်နိုင်မှုများကို ပေါင်းစပ်ထည့်သွင်းတွက်ချက်ပါသည်။ ဤဆန်းစစ်အကဲဖြတ်ချက် တွင် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်းများကို အသုံးပြု၍ ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ် ကျရောက်နိုင်ခြေဆန်းစစ်အကဲဖြတ်ချက်ကို တင်ပြထားပါသည်။

ဆန်းစစ်အကဲဖြတ်ချက်၏ရလာဒ်အဖြစ် ပြည်နယ်နှင့်တိုင်းဒေသကြီး၁၅ခုမှ ကလေးများကို ဗဟိုပြု၍ကျရောက်နိုင်သည့်ဘေးအန္တရာယ်ညွှန်းကိန်းများအဆင့်ဆင့်ကိုဖော်ပြထားပါသည်။သတင်းအချက်အလက်များရရှိမှု အခြေအနေအရလိုအပ်ချက်အချို့ရှိသော်လည်း ဤဆန်းစစ်လေ့လာချက်၏တွေ့ရှိချက်များသည်ယူနီဆက်၏ မြန်မာနိုင်ငံ ဆိုင်ရာအစီအစဉ်များရေးဆွဲရာတွင် များစွာအထောက်အကူပြုပါသည်။ ဘေးအန္တရာယ်ကျရောက် နိုင်ခြေရှိမှုနှင့် ရာသီဥတုအပြောင်းအလဲများကို ထည့်သွင်းစဉ်းစား ရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရ၊ ဖွံ့ဖြိုးရေး လုပ်ဆောင်နေသော တွဲဘက်အဖွဲ့အစည်းများနှင့် အရပ်ဘက်အစည်းများကဲ့သို့သောအရေးပါသည်တာ ဝန်ရှိသူများမှမြန်မာနိုင်ငံ၏ကလေးသူငယ်ကဏ္ဍတွင်ပိုမိုကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့်လက် တွေ့အသုံးချနိုင်စေရန်ရည်ရွယ်ထားပါသည်။အဓိကအားဖြင့်ဤဆန်းစစ်လေ့လာချက်သည်လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မြန်မာနိုင်ငံသဘာဝ ဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်း စီမံချက်ပါလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံတွင်ကျရောက်နိုင်သော သဘာဝဘေး အန္တရာယ်နှင် ထိခိုက် ခံရလွယ်မှုမြေပုံ ရေးဆွဲရေး တွင်ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ပါသည်။

ဤဆန်းစစ်အကဲဖြတ်ချက်ဖြင့် သဘာဝဘေး၊ ကလေးသူငယ်များ၏ ထိခိုက်လွယ်မှု၊ ကလေးသူငယ်ဗဟိုပြု သဘာဝ ဘေးအန္တရာယ်နှင် ထိခိုက်ခံရလွယ်မှုမြေပုံတို့ ဆက်စပ်အရေးပါမှုများကို အတည်ပြုတင်ပြနိုင်ခဲ့ပါသည်။ မတူညီသောရည်မှန်းချက်အကြောင်းအရာများကို ဘေးအန္တရာယ်ကျ ရောက် နိုင်ခြေတွက်ချက်မှု များမှ တဆင့် ဦးတည်ကြသည့်အလျှောက်၊ သဘာဝဘေးအန္တရာယ်စီမံ ခန့် ခွဲ ခြင်း၊ စွမ်းဆောင် ရည် မြှင့် တင်ခြင်း သို့မဟုတ် ကလေးသူငယ်များ၏ထိခိုက်လွယ်မှုကိုလျှော့ချခြင်း အစရှိသောလုပ်ငန်း စဉ်များတွင်ဌာန အလိုက်၊ အဖွဲ့ အ စည်း အလိုက်၊တာဝန်ခံမှုအလိုက်၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်အလိုက် ဆောင်ရွက်ချက်များသည်လည်း ကလေး သူငယ်ဗဟိုပြု ဘေးအန္တရာယ်လျော့ပါးရေးနှင့် စွမ်းဆောင်ရည် မြင့်မားရေး အတွက် အထောက်အကူ ပြုပါသည်။

# နောက်ခံ အကြောင်းရင်းများ

## ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျှော့ချရေး

ဘေးအန္တရာယ်များသည်သဘာဝထက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၏ ရွေးချယ်မှုများ အထူးသဖြင့် မြေအသုံးချမှု၊ အဆောက်အဦဆောက်လုပ်မှုနည်းစနစ်များ၊ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းမှုများ၊ ကူးစက်ရောဂါများမှ ကာကွယ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူဦးရေ တည်ရှိမှု အခြေအနေ အမျိုးမျိုးနှင့် ပုံစံများ (ဥပမာအားဖြင့် မြို့ပြတွင် အခြေချနေထိုင်ခြင်း) တို့ကြောင့် ဖြစ်ပေါ်လာ ရသည် ဟု သိမြင်လာကြပါသည်။ဤနားလည်မှုအသစ်များသည် သဘာဝဘေးအန္တရာယ် ကြောင့်ဆုံးရှုံးနိုင်ခြေ လျှော့ပါး ရေးလုပ်ငန်းများတွင်ပိုမိုတက်ကြွစွာလုပ်ဆောင်နိုင်ရန်ကိုယ်စားပြုခဲ့ပါသည်။

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးမဟာဗျူဟာအဖွဲ့ ၏အဓိပ္ပါယ်ဖွင့်ဆိုချက်အရ သဘာဝ ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိမှုဆိုသည်မှာ "ရပ်ရွာအဖွဲ့အစည်းတစ်ခု သို့မဟုတ်လူ့အဖွဲ့အစည်းတစ်ခုတွင် သဘာဝဘေးအန္တရာယ်၏ သက်ရောက်မှုကြောင့် လူ့အသက်များစွာ၊ ကျန်းမာရေးအခြေအနေ၊ အသက် မွေးဝမ်းကျောင်းမှု လုပ်ငန်းများ၊ ပိုင်ဆိုင်မှုနှင့် ဝန်ဆောင်မှုများ၊ စသည်တို့ ကို ဆုံးရှုံးနိုင်သော အခြေ အနေ ဖြစ်နိုင်ခြင်း "[1] ဟုဆိုလိုသည်။ သဘာဝဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေး ဆိုသည်မှာ ကျရောက် နိုင်ခြေရှိမှုကို သတ်မှတ်ခြင်း၊ ဆန်းစစ်ခြင်း၊ ကျရောက်နိုင်ခြေလျှော့ပါးနိုင်သော အကြောင်းအရာ ကိုဖော်ထုတ် ခြင်း စသည်တို့ ပါဝင်သည့် စနစ်ကျသော ချဉ်းကပ်ခြင်း တစ်ရပ်ဖြစ်သည်။ တိတိကျကျ ဆိုရသော် သဘာဝ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျှော့ပါးရေး၏ရည်ရွယ်ချက်သည်လူ့အသိုက်အဝန်းတစ်ခုအတွင်း သဘာဝ ဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုကို လျှော့ချခြင်း သို့မဟုတ် ရှောင် ရှားခြင်းအလို့ငှာ စွမ်းဆောင်ရည် ကိုတိုးမြှင့်ရန်ဖြစ်ပြီးထိခိုက်လွယ်မှုကိုလျှော့ချရန်ဖြစ်သည်။ ထို့အပြင်သဘာဝဘေးအန္တရာယ် ကြောင့်ဆုံးရှုံး နိုင်ခြေ လျှော့ပါးရေး ကို ရာသီဥတုပြောင်း လဲ မှုနှင့် လိုက်လျော ညီထွေစွာ ဆောင်ရွက် နိုင်ရေး မဟာဗျူဟာ တစ်ရပ်အနေဖြင့်လည်း ကျယ်ပြန့်စွာသိရှိကြပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစိတ်အပိုင်း တစ်ရပ်အဖြစ်လည်း အခြေအတင် ဆွေးနွေး စရာ ဖြစ် ပေသည်။ ဘေးအန္တရာယ် ကြောင့် ထိခိုက် ဆုံးရှုံး နိုင်ခြေ သည် ဘေးအန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးတွေ့နိုင်ခြေ နှင့် စွမ်းဆောင်ရည် တို့နှင့် ဆက်စပ်နေသည်ဟု ယေဘုယျ နားလည်သဘော ပေါက်ကြပါသည်။ ဘေးအန္တရာယ်ကျရောက်နိုင်ခြေလျှော့ပါးရေးလုပ်ငန်းစဉ်များကို တွက်ထုတ်နိုင်သော အခြေခံ ပုံသေနည်းအဖြစ် အောက်ဖော်ပြပါ တွက်ချက်မှု ကို အသုံးပြုကြသည်။

$$\text{ဘေးအန္တရာယ် ကြောင့် ထိခိုက် ဆုံးရှုံး နိုင်ခြေ} = \frac{(\text{ဘေးအန္တရာယ်})\ x\ (\text{ထိခိုက်လွယ်မှု})\ x\ (\text{ဘေးတွေ့နိုင်ခြေ})}{(\text{စွမ်းဆောင်ရည်})}$$

[1] http://www.unisdr.org/we/inform/terminology

## ဘေးဖြစ်နိုင်ခြေ ညီမျှခြင်းတွင်ကလေးသူငယ်ဗဟိုပြုခြင်း

ကလေးသူငယ်ဗဟိုပြုဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်လေ့လာချက်ကို ကလေးသူငယ်အခွင့်အရေး မြှင့်တင်သူများသာမကဖွံ့ဖြိုးရေး လုပ်ဆောင်နေသောတွဲဘက်အဖွဲ့အစည်းများ နှင့်စီမံကိန်းရေးဆွဲသူ များပါ ကျယ်ပြန့်စွာအသုံးပြုကြပါသည့်အကြောင်းရင်းများစွာရှိပါသည်။

- **ကလေးသူငယ်များသည်လူဦးရေ၏ထက်ဝက်ခန့်ကိုကိုယ်စားပြုခြင်း** - လူဦးရေအခြေပြု ရှုထောင့်အရ ကလေးသူငယ်များဦးရေသည်စီမံကိန်းရေးဆွဲရာတွင်အရေးပါသည်။အာရှနှင့်ပစိဖိတ်နိုင်ငံများတွင်လူဦးရေ ၏ ၃ပုံ၁ပုံမှတစ်ဝက်ခန့် သည်ကလေးသူငယ်များဖြစ်ပြီးမြန်မာနိုင်ငံတွင်လူဦးရေ၏ ၃၄%ဖြစ်ပါသည်။
- **ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုများသည် ကျယ်ပြန့်သောဖွံ့ဖြိုးရေးဆိုင်ရာများတွင် ကောင်းမွန်သော ညွှန်းကိန်းများဖြစ်ခြင်း** - ကလေးသူငယ်များ၏ထိတ်လန့်ဖိစီးမှုများမှ ထိခိုက်လွယ်မှုများသည် လူ့အဖွဲ့ အစည်းတစ်ခုတွင်၎င်းတို့၏ကျန်းမာရေး၊ ပညာရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်သိ ရှိလွယ် သောညွှန်းကိန်းများဖြစ်လာပါသည်။
- **ကလေးသူငယ်များသည်ဘေးအန္တရာယ် ကျရောက်ချိန်တွင်ထိခိုက်မှုများပြားခြင်း** - အချက်အလက်များမှ တွေ့ရှိချက်များအရ ကလေးသူငယ်များနှင့် အမျိုးသမီးများသည်ထိခိုက်မှုအများဆုံးဖြစ်ပြီး ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသူငယ်သန်း၁၀၀ခန့်အပေါ်သက်ရောက်လျက်ရှိပါသည်။ထို့ကြောင့်၎င်းတို့ကိုသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲခြင်းမဟာဗျူဟာတွင်ထည့်သွင်းခြင်းသည်ဆီလျော်သောဆောင်ရွက်ချက်ဖြစ်ပါသည်။
- **ကလေးသူငယ်များ၏ စီမံကိန်းများတွင် ပါဝင်ခွင့် အခွင့်အရေး** - ကလေးသူငယ်ဗဟိုပြု သဘာဝဘေး အန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးရေး လုပ်ငန်းများသည် ကလေးသူငယ်များ၏ ရှင်သန်ခွင့်၊ ဖွံ့ဖြိုးရေး၊ ပညာရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများအပေါ်နားလည်သဘောပေါက်မှုကိုထင်ဟပ်စေပါသည်။ ထို့မျှမက ကလေးသူငယ်များသည် အနာဂတ်တွင်တွေ့ကြုံနိုင်သော ဘေးအန္တရာယ်အတွက် စီမံကိန်းများတွင်၎င်းတို့ ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။

## မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ

မြန်မာနိုင်ငံသည်သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းများ၊ ရာသီအလိုက်ရေလွှမ်းမိုးမှု များ၊ မြေပြိုမှုများ၊ မိုးခေါင်ရေရှားမှုများ၊ မီးလောင်မှုများနှင် ငလျင်များ စသည့် ဘေးအန္တရာယ်များ ကျရောက် နိုင်ခြေ မြင့်မားသည့် နိုင်ငံတစ်ခု ဖြစ်သည်။[2] မကြာမီနှစ်များအတွင်းက အင်အားကြီးမားသော ဆိုင်ကလုန်း မုန်တိုင်း ကြီးများဖြစ်သည့် (နာဂစ် ၂၀၀၈၊ ဂီရိ ၂၀၁၀) တို့သည် နိုင်ငံ၏ ကမ်းရိုးတန်း အစိတ်အပိုင်း များကို တိုက်ခတ်ခဲ့ပြီး ကလေးသူငယ်များနှင့်အမျိုးသမီးများအပေါ် ဆိုးရွားစွာသက်ရောက်မှု ရှိခဲ့ပါသည်။ ၂၀၁၂ခုနှစ်မှ စ၍ ကမ်းရိုးတန်း တလျောက်နှင့် ကုန်းမြင့်ဒေသများရှိ လူပေါင်း ငါးသိန်းကျော်[3]ရေလွှမ်းမိုးမှု ဒဏ်ကို ခံခဲ့ရသည်ပြီး ကြီးမားသော ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ခဲ့ကြရပါသည်။ ရေလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော မြေပြိုမှုနှင့် ဘူမိပြောင်းလဲမှု ဖြစ်စဉ်များသည်လည်းကုန်းမြင့်ဒေသများတွင်ဖြစ်ပေါ်ခဲ့သည်။နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသများတွင်လည်း

---

[2] According to the 2012 OCHA Global Focus Model, which attempts to classify and categorize countries according to their vulnerability to disasters, Myanmar is the 6th country globally (of the 147 countries measured), just behind Somalia

[3] UNOCHA. 'Myanmar: Natural Disasters 2002-2012

လျောင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်မှု များ ရှိ ခဲ့ပါသည်။ အထူး သဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော ၆.၈ ရစ်ချ်တာစကေး ရှိငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့ပါသည်။ နိုင်ငံအနှံ့အပြားမီးလောင်ကျွမ်းမှုများ ကြောင့်လည်း အိုးအိမ် ပေါင်း များစွာပျက်ဆီးဆုံးရှုံးခဲ့ ကြရပါသည်။

မြန်မာနိုင်ငံတွင်သဘာဝဘေးအန္တရာယ်များနှင့် လူတို့ဖန်တီးသည့်ဘေးအန္တရာယ်များကြောင့်အမျိုးသမီး များနှင့် ကလေးများ အကြားတွင် ရှိနေဆဲဖြစ်သော ထိခိုက်လွယ်မှု အခြေအနေကို ပိုမို၍ ဆိုးဝါး ပျက်စီး လာစေပါသည်။ ၎င်းတို့၏ လူမှုစီးပွားရေး အခြေအနေများ၊ ပညာရေးနှင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု စသည့် အခြေခံ လူမှုဝန်ဆောင်မှုများကို ရယူနိုင်စွမ်း ရှိမှုများ တို့ကို ထိခိုက်စေပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အခြေခံအဆောက် အအုံချို့တဲ့ခြင်းများကြောင့်ပြန်လည်ထူထောင်နိုင်ရန် စွမ်းဆောင်နိုင်ရည်နိမ့်ပါးလျက်ရှိနေ သည် ကို နိုင်ငံတဝှမ်း တွင်တွေ့ကြုံနေကြသည်။[4] ဘေးအန္တရာယ်ထိခိုက်လွယ်မှု မြင့်မားခြင်းနှင့် ပြန်လည်းထူထောင်နိုင်စွမ်း နိမ့်ပါးမှု တို့၏ ပေါင်းစည်းနေမှုသည် **"Inform risk model"**[5] အရ အာရှပိစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ဘေးအန္တရာယ် ကျရောက်နိုင်မှု အမြင့်မားဆုံး နိုင်ငံအဖြစ်သို့ ရောက်ရှိစေခဲ့သည်။
မကြာမီနှစ်များအတွင်းက ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများသည် မြန်မာနိုင်ငံ အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကိုလည်း လူ့အသက်များ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးမှုများမှ လျော့ချနိုင်မည့်ခိုင်မာသောအရေးယူဆောင်ရွက်မှုများကိုလူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ဖွံ့ဖြိုးရေး လုပ်ငန်းများမှတဆင့် အရေးတကြီးဆောင်ရွက်ရန် လိုအပ်နေကြောင်း သတိပေးနှိုးဆော်မှု ပြုလုပ်သကဲ့သို့ ဖြစ်ခဲ့သည်။နိုင်ငံတော်အစိုးရ၏ကြိုးပမ်းလုပ်ဆောင်မှုများသည် ၂၀၀၈ဆိုင်ကလုန်းနာဂစ်မုန်တိုင်းမှစ၍အရှိန်မြင့် တင်ခဲ့ပြီးအရေးပေါ် အကူအညီအထောက်အပံ့များပံ့ပိုးပေးနိုင်ရန်အသင့်အနေအထားရှိနေမှုကိုတိုးတက်စေခြင်း ကိုအဓိကဦးတည်၍ဆောင်ရွက်ခဲ့ပြီး ထိခိုက်လွယ်မှုများကိုလျော့ပါးစေရန်စနစ်တကျ လုပ်ဆောင်မှုအပိုင်းတွင်မူ ဦးစားပေးမှုနည်းပါးပါသည်။[6]

## ယူနီဆက်နှင့်မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျော့ချရေး

ယူနီဆက် သည်ကုလသမဂ္ဂအေဂျင်စီတစ်ခု ဖြစ်ပြီးနိုင်ငံပေါင်း(၁၉၀)တွင် လုပ်ကိုင်လျက်ရှိရာမြန်မာနိုင်ငံတွင် မူ (၁၉၅၀)မှစတင်ခဲ့ပါသည်။ ယူနီဆက်သည်ကလေးသူငယ်တိုင်း အထူးသဖြင့် ကူညီစောင့်ရှောက်မှုကိုအလိုအပ် ဆုံးကလေးသူငယ်များ၏အခွင့်အရေးများကိုနားလည်သဘောပေါက်စေရန်အတွက်အခြားအဖွဲ့အစည်းများနှင့်ပူ းပေါင်းဆောင်ရွက်ရန် ဆိုသည့်ရည်ရွယ်ချက်ကိုအဓိကထား၍ဖွဲ့စည်းခဲ့ပါသည်။ယူနီဆက်သည် က လေးသူငယ် ဗဟိုပြုဘေးအန္တရာယ်ကျရောက်နိုင်ခြေလျော့ပါးစေရန် လုပ်ဆောင်ချက်များကိုကလေးသူ ငယ်များ၊ မိသားစုများ၊ ပြည်သူလူထုများအကြား သဘာဝဘေးအမျိုးမျိုး၊ ရာသီဥတုပြောင်းလဲခြင်း၊ လူမှုပြုလုပ်သော ဘေးအန္တရာယ် အမျိုးမျိုး၊ တို့၏ဖိစီးနှိပ်စက်မှုတို့ကို ပိုမိုခံနိုင်ရည်ရှိစေရန် မြှင့်တင်လုပ်ဆောင်ခဲ့ပါသည်။
၂၀၀၈ ဆိုင်ကလုန်း နာဂစ်အရေးပေါ် ကယ်ဆယ်ရေး ကာလမှစ၍ ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးစေရေး

[4] SDC & ADPC (2012), "A Situational Analysis of Disaster Risk Management Policy and Practice in Myanmar
[5] http://www.inform-index.org/Results/Country-profiles?iso3=MMR
[6] Government of Myanmar, HFA Progress reports (2009-2011 and 2011-2013

အတွက် ဆိုင်းကလုန်းနာဂစ်တိုက်ခတ်ခဲ့သောဒေသများတွင် ဘက်ပေါင်းစုံမှကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်များတွင် ကလေး ပျော် ကျောင်း များကို စိတ်ချလုံခြုံရသောစံပြအဆောက်အဦများအဖြစ် နာဂစ်ကဲ့သို့သောမုန်တိုင်းမျိုး၏ဒဏ်ကိုခံနိုင်သော ကျောင်းများ ဆောက်လုပ်ပေးခဲ့သည်။ ဘဂတစ်သက်တာသိမှတ်စရာသင်ခန်းစာ များတွင်လည်းထည့်သွင်း သင်ကြားပေးခဲ့သည်။ ယင်းတွင်ဘေးအန္တရာယ်ကြုံတွေ့လာပါကလိုက်နာဆောင်ရွက်ရမည့်အခြေခံ သိသင့်သိထိုက်သော သတင်းအချက်အလက်များ ပါဝင်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ မူလတန်းကျောင်း သားများကို သင်ကြားပေးခဲ့သည်။ ထို့အပြင် အာဟာရဖွံ့ဖြိုးမှု စောင့်ကြည့်လေ့လာရေး စနစ် ကိုလည်း ဖြစ်ပွား မှုနှုန်းမြင့်မားသော ဒေသများတွင် ဆောင်ရွက်၍ကလေးများအကြားအာဟာရဖွံ့ဖြိုးမှုတိုးတက်လာအောင်တိုက်တွန်းလှုံ့ဆော်သူများထားရှိစီမံပေးခဲ့သည်။ (ဤသို့အားဖြင့်အာဟာရချို့တဲ့မှု ဖြစ်ပွားစေသော အကြောင်း အရာများကို သိရှိနိုင်အောင် ပြုလုပ်ပေးသည်)

ထိုအတွေ့အကြုံများအပေါ်အခြေခံ၍ယူနီဆက်မြန်မာသည်ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးစေရေးအတွက်ကို စနစ်တကျစတင်လုပ်ဆောင်ခဲ့ပြီး အစိုးရနှင့်တကွလုပ်ဖော်ကိုင်ဖက်အခြား သော အဖွဲ့ အစည်း များ အားလုံး ဘေးအန္တရာယ်လျော့ပါးရေး မဟာဗျူဟာများတွင်ကလေးသူငယ်များကို ဦးစား ပေး ၍ တုံ့ပြန် ဆောင် ရွက်နိုင်စေရန် ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်မှုကဏ္ဍများတွင် အကူအညီများ လည်း ပံ့ပိုး ပေးခဲ့ ပါ သည်။ ဤကလေးသူငယ်ဗဟိုပြုကျရောက်မှုလျော့ပါးစေရေးဆန်းစစ်လေ့လာချက်သည်ကလေးများအတွက် ကြံ့ခိုင် သော ရလဒ်များ ရရှိနိုင်ရေးအတွက် ပထမဦးဆုံး ဆောင် ရွက်သည့် ခြေ လှမ်း တစ်ရပ်လည်း ဖြစ် ပါသည်။

## ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်

ဘေးအန္တရာယ်ကျရောက်နိုင်မှု အရေအတွက်နှင့် အသွင်သဏ္ဍာန်လေ့လာချက်များသည် ပိုမိုကောင်းမွန်သည့် နားလည်သဘောပေါက်မှုနှင့်အတူပိုမိုကောင်းမွန်သော ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ကိုလုပ်ဆောင်နိုင်စေပါ သည်။ ဘေးအန္တရာယ်ကျရောက်နိုင်မှုကိုထည့်သွင်းစဉ်းစားသည့်စီမံချက်ရေးဆွဲခြင်းနှင ့အခြေအနေကို တွက်ဆပြီး ခံနိုင်ရည်ရှိအောင် စီမံချက်ကိုအကောင်အထည်ဖော်လုပ်ဆောင်မှုတို့သည် မရှိမဖြစ်အသုံးချရမည့်စံချိန်စံနှုန်းများ ဖြစ်လာပါသည်။ ယူနီဆက်မှအာရှပစိဖိတ်ဒေသအတွင်းရှိ[7] နိုင်ငံများတွင်ယခင် ကောက်ယူခဲ့သော ဆန်းစစ်လေ့လာချက်များကိုအခြေခံ၍သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းအဖွဲ့နှင့်အတူ တကွအနီးကပ်ပူးပေါင်းဆောင်ရွက်မှုဖြင့်ကလေးသူငယ် ဗဟိုပြုဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိမှု လျော့ချရေး ဆန်းစစ်ချက်ကိုဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များ၊ကလေးသူငယ်လူဦးရေလစ်ဟင်းမှုများ၊ရာသီဥတုပြောင်းလဲခြင်းကြောင့် လူမှုစီးပွားရေးထိခိုက်လွယ်မှုများ၊ ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုများ၊ဒေသအလိုက် ဘေးအန္တရာယ်လျော့ချရေး စွမ်းဆောင်နိုင်ရည် ရှိမှုများကိုအခြေခံ၍ ပြည်နယ်နှင့်တိုင်း ဒေသကြီး ၁၅ ခု ရှိအခြေအနေများကိုဖော်ပြထားပါသည်။ မြို့နယ် အဆင့်အုပ်ချုပ်ရေး တွင်ပိုမိုပြည့်စုံသောအချက်အလက်များကို ရရှိနိုင်သော်လည်းဤဆန်းစစ်ချက် သည် ပြည် နယ်နှင့်တိုင်း ဒေသကြီးအဆင့် သတင်းအချက်အလက်များကို

---

[7] Child-centred risk assessments is a UNICEF-tool developed to risk-inform country programmes as part of the broader resilience agenda. Since 2012, child-centred risk assessments have been developed for Pakistan, India, Nepal, Lao PDR, Indonesia and Solomon Islands. For further details please see: http://www.preventionweb.net/files/36688_36688rosaccriskassessmentfeb2014.pdf

အခြေပြု၍သာပြုစုထားပါသည်။ ဤ ဆန်းစစ်ချက်ကို မြို့နယ်အားလုံးမှ သတင်းအချက်အလက်များ ရရှိနိုင်သော အချိန်အခါတွင် ထပ်မံတိုးချဲ့ ပြင်ဆင်ရေးသားသွားမည် ဖြစ်ပါသည်။

ဤဆန်းစစ်ချက်၏ အဓိက ရည်ရွယ်ချက်မှာ အဓိကတာဝန်ရှိသူများကို မြန်မာနိုင်ငံ၏ ကလေးများအပေါ်တွင် ကျရောက်နေသောဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိမှုကိုတွေ့မြင်စေရန် ဖော်ထုတ်ပြောကြားတင်ပြခြင်းဖြင့်ပိုမို ပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်ပါသည်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေး မဟာဗျူဟာ၏ဖော်ထုတ်ချက်အရဘေးအန္တရာယ်ကျရောက်ခြင်း အကြောင်းအရာများတွင်အရေးအပါဆုံးနောက်ခံ အကြောင်းအရာမှာ၂၁ရာစု၏ ပထမရာစုဝက်အတွင်း ညံ့ဖျင်းသည့်မြို့ပြအုပ်ချုပ်မှု၊ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ထိခိုက်လွယ်မှုနှင့် သဘာဝဂေဟစနစ် ဆုတ်ယုတ် လာမှုတို့ ဖြစ်ကြောင်း တွေ့ရှိရသည်။ ဘေးတွေ့နိုင်ခြေ နှင့်ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်နေသောထိခိုက်လွယ်မှုများအဓိကအကြောင်းအရာ အဖြစ်ပါဝင်သော ဤဆန်းစစ်ချက်သည် မြန်မာနိုင်ငံရှိ မတူညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကလေးသူငယ်များ အပေါ်သက်ရောက်နေသော ဘေးအန္တရာယ်ကျရောက်နိုင်ခြေများကိုဖြစ်စေသည့်နောက်ခံ အကြောင်းအရာများကိုလည်း တင်ပြထားပါသည်။ ဘေးအန္တရာယ် ကျ ရောက်နိုင် ခြေရှိမှု၊ ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုနှင့် ကလေးသူငယ် ဗဟိုပြု လေ့လာချက် မြေပုံများကိုလည်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အဓိပ္ပါယ် ဖွင့်ဆို ထည့်သွင်းစဉ်းစား နိုင်ပါသည်။ အဖွဲ့အစည်းအလိုက်၊ နည်းပညာ ဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ် အလိုက်မတူညီသော ရည်မှန်းချက်အကြောင်း အရာများကို ဘေးအန္တရာယ်ကျ ရောက် နိုင်ခြေ တွက်ချက်မှု များမှ တဆင့်ဦးတည်ဆောင်ရွက်ချက်များတွင် ဤ ကလေး သူငယ်ဗဟိုပြု ဆန်းစစ်ချက် မြေပုံသည်များစွာ အထောက်အကူပြုနိုင်ပါသည်။

## ကန့်သတ်ချက်များ နှင့် အခွင့်အလမ်းများ

ဤနှစ်ပိုင်းကာလများတွင်ထိုက်သင့်သောတိုးတက်ဖြစ်ထွန်းမှုများရရှိခဲ့သော်လည်းမြန်မာနိုင်ငံသည်ပြည်သူ့ဘဝ နှင့်သက်ဆိုင်သောကဏ္ဍများအပေါ်အကျိုးသက်ရောက်မှု ရှိသည့် သတင်းအချက် အလက်များ မရရှိနိုင်ခဲ့ခြင်းကို နှစ်ရှည်လများခံစားနေခဲ့ရဆဲဖြစ်သည်။ ပြည်နယ်နှင့်တိုင်း အချက်အလက်များမှလွဲ၍ မြို့နယ်အဆင့် အချက်အလက်များကောက်ယူမှုတွင်ဖော်ပြပါအချက်သည်မှန်ကန်ကြောင်းကိုတွေ့ရှိရပါသည်။ အချို့သောမြို့နယ်များတွင်မည်သည့်အချက်အလက်မျှ မှတ်တမ်းမှတ်ရာမရှိကြောင်း တွေ့ရှိရသည်။ သတင်းအချက်အလက် ရရှိသော အခါများတွင်လည်းကျားမ၊အသက်အရွယ်၊လူမျိုးနှင့် နေထိုင်ရာအရပ် စသည်တို့ မပါဝင်ကြောင်း တွေ့ရှိရသည်။ သတင်းအချက်အလက် ရရှိမှုလုံလောက်ခြင်း မရှိခဲ့သော်လည်း ကွဲပြားသောနည်းစနစ်များကို အသုံးပြု၍ မည်ကဲ့သို့သော ဘေးအန္တရာယ်များ ကျရောက်နိုင်ခြေ ရှိကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

အချို့သော ကနဦးလုပ်ဆောင်ချက်များသည်လည်းအရေအတွက်နှင့်အရည်အသွေးအရ တိုက်ရိုက်အကျိုးသက်ရောက်မှုကိုပံ့ပိုးပေးနိုင်ပါသည်။ဥပမာအားဖြင့်၂၀၁၄မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူခြင်းမှကနဦးရလာဒ်များကို၂၀၁၅အစပိုင်းတွင်ရရှိနိုင်ခြင်း၊ကမ္ဘာ့ဘဏ်နှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့မှကောက်ယူ သည့် ဆင်းရဲနွမ်းပါး မှုစစ်တမ်း ၂၀၁၅၊ လူဦးရေအခြေပြု ကျန်းမာရေးစစ်တမ်း၂၀၁၅၊ ကမ္ဘာ့စား နပ်ရိက္ခာအစီအစဉ် မှ ကောက်ယူလျက်ရှိသော စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဆင်းရဲမှု အခြေအနေ ခန့်မှန်း လေ့လာ သုံးသပ်ချက်စစ်တမ်း ၂၀၁၅ စသည်တို့ဖြစ်သည်။ ထို့အပြင် ဘေးအန္တရာယ် ကျရောက် နိုင်ခြေလျော့ပါးရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များမှဆောင်ရွက်နေသောဘေးသင့်နိုင်ခြေရှိမှုဆန်းစစ်ချက်၊အစိုးရနှင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေ

လျော့ပါးရေး လုပ်ငန်းအဖွဲ့ တို့ အကြား လုပ်ဆောင်နေသော ဘေးသင့် နိုင်ခြေရှိမှုနှင့် ထိခိုက်လွယ်မှု မြေပုံညွှန်း၊ တို့မှလည်း လိုအပ် သော အခြားအချက်အလက်များ ရရှိနိုင်သည်။ ပိုမိုတိကျသော သတင်းအချက်အလက်များ ရရှိလာတိုင်း ထပ်မံ ပြင်ဆင် တိုးချဲ့နိုင်သည့် ရှင်သန်နေသော ဆန်းစစ်ချက်တစ်ရပ်အဖြစ် ဆက်လက် လုပ်ဆောင် သွား မည် ဖြစ်သည်။

## အထွေထွေ အန္တရာယ်ပြ မြေပုံရေးဆွဲခြင်း

အထွေထွေအန္တရာယ်ပြမြေပုံသည်သဘာဝနှင့်လူလုပ်ဘေးအန္တရာယ်အားလုံးကိုဖော်ပြထားပြီး ဖြစ်နိုင်ခြေ အများဆုံးနှင့်ပြင်းထန်မှုအဆင့်အရလူအများအပေါ် သက်ရောက်နိုင်မှုပိုမိုမြင့်မားသည့် ဘေးအန္တရာယ်အမျိုးအစားများကိုဦးစားပေးလေ့လာထားပါသည်။ မြေပြိုခြင်း၊လေပြင်းတိုက်ခြင်းနှင့်မိုးကြိုးမုန်တိုင်းတို့ကို ထည့်သွင်း တွက်ချက်ထားခြင်း မရှိပါ။ အသေးစိတ်တွက်ချက်မှုများကို ကလေးသူငယ် ဗဟို ပြုဘေးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်၏ နောက်ဆက်တွဲဇယားတွင်ကြည့်ရှုနိုင်သည်။ တိုင်းနှင့်ပြည်နယ်အလိုက် သီးခြား အထွေထွေအန္တရာယ်ပြ မြေပုံညွှန်းကို ဖော်ပြထားခြင်း မရှိပါ၊ ကန့်သတ်ချက်ရှိသော မြေပုံတစ်ခုတည်းကိုသာ (မီးလောင်ခြင်း၊လျှင်လှုပ်ခြင်းနှင့်ဆိုင်ကလုန်းမုန်တိုင်းများ၏အန္တရာယ်ပြမြေပုံညွှန်းကိုအမျိုးသားဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိမှုမြေပုံမှထုတ်နှုတ်ရယူထားပါသည်။)ဖော်ပြပေးထားပြီးမတူညီသောသတင်းအရင်းအမြစ်များ မှ ကွဲပြားခြားနားသောဘေးအန္တရာယ်များကိုအောက်ပါအတိုင်း ဖော် ပြပေးထားပါသည်။

ငလျင်။ ။ ငလျင်နှင့်ပါတ်သက်သောအညွှန်းကိန်းများကို မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေးအစီအစဉ် တို့မှ ကျွမ်းကျင်သူငလျင်ပညာရှင်များမှ လေ့လာ ဖော်ထုတ် ထားပြီး ပြည်နယ်/တိုင်း အလိုက် ဘူမိဗေဒမြေပုံများကို အခြေခံကာ အထက်ပါ အဖွဲ့နှစ်ဖွဲ့မှ ပညာရှင်များ ပူးပေါင်းဖော်ထုတ်ထားပါသည်။ ဘူမိဗေဒမြေပုံများကို ဤဆန်းစစ်ချက်၏ နောက်ဆုံးတွင် ပုံ (၂) အဖြစ် ကြည့်ရှုနိုင်ပါသည်။

အပူပိုင်းဒေသ မုန်တိုင်းများ/ဆိုင်ကလုန်း။ ။ အပူပိုင်းဒေသ မုန်တိုင်းများ/ဆိုင်ကလုန်း များနှင့် ပါတ်သက်သော သတင်းအချက်အလက်များကို ကုလသမဂ္ဂလူသားခြင်းစာနာမှုဆိုင်ရာညှိနိုင်းရေးရုံး မှပြုစုသော အထွေထွေ ဘေးအန္တရာယ်ပြ မြေပုံ မှ ရယူထားသည်။ ဤမြေပုံတွင် "**Saffir-Simpson Scale**" ကို အသုံးပြုထားပြီး ပြင်းထန်မှု ဇုံနယ်များကို အဆင့် (၁) မှ (၅) အထိ ခွဲခြားဖော်ပြထားသည်။ ပြင်းထန်မှုဇုံနယ်တွင် ၁၀% ပြသထားပါက နောင် ၁၀ နှစ်အတွင်း ထိုပြင်းထန်မှု ပမာဏရှိသော မုန်တိုင်း တိုက်ခတ်နိုင်ကြောင်း ဆိုလိုပါသည်။ပြည်နယ်နှင့်တိုင်းတစ်ခုစီအလိုက်ပြင်းထန်မှုဇုန်နယ်များကိုအဆင့်(၁)မှ(၁၀)အထိတွက်ချက်ဖော် ပြ နှိုင်းယှဥ်ထားပါသည်။

ဆူနာမီ။ ။ ဒေသတွင်း ဘေးအန္တရာယ်များ ကျရောက်နိုင်မှုကြိုတင်သတိပေး စံနစ်မှ သတ်မှတ် ထားသော ဆူနာမီဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိမှုအဆင့်သုံးဆင့်ကိုအခြေခံ၍ဖော်ပြထားသည်။အဆင့်သတ်မှတ်ချက် နှင့်အဓိပ္ပါယ်ဖွင့်ဆိုပုံ အကျဉ်းကိုပုံ(၅)တွင် ကြည့်ရှုနိုင်ပြီး ဒေသတွင်းဘေးအန္တရာယ်များကျရောက်နိုင်မှုကြိုတင် သတိပေး စံနစ် မှ ပြုစုထားသော အဆင့်များကို ပိုမိုလွယ်ကူစွာ နှိုင်းယှဉ်နိုင်ရန်အတွက် အဆင့် (၁) မှ (၁၀) သို့ ပြောင်းလဲ၍ ဖော်ပြထားပါသည်။

ရေလွှမ်းမိုးခြင်း။ ။ Ithaca/ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှပြုစုထားသော ရေလွှမ်းမိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို အခြေခံ၍ သမိုင်းတလျောက် ရာသီအလိုက် ရေလွှမ်းမိုးခြင်းကို ခံစားရသည့် ပြည်သူများအခြေအနေကိုပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်သရုပ်ခွဲသုံးသပ်ချက်ကို၂၀၀၁မှ၂၀၁၀အတွင်းကာလအတွက်ပြုစုထားပြီးပုံ(၃) တွင်ကြည့်နိုင်သည်။ ဤမြေပုံတွင် သတင်းအချက်အလက်များ ဖော်ပြပြီးသား ပါဝင်သော်လည်း စိတ်ချယုံကြည်ရ၍ တိကျသော ရေလွှမ်းမိုးမှု ဘေးအန္တရာယ် ဆိုင်ရာ အချက်အလက်များကို တင်ပြထားသည်။ တိုင်းနှင့်ပြည်နယ် အဆင့်ဘေးဒုက္ခသင့်နိုင်သော လူဦးရေဖော်ပြချက်ကို အဆင့် (၈) ဆင့်အစား နှိုင်းယှဉ်ရ ပိုမိုလွယ်ကူစေသော အဆင့် (၁) မှ (၁၀) သို့ ပြောင်း လဲ ထား ပါသည်။

မိုးခေါင် ရေရှားခြင်း။ ။မိုးခေါင်ရေရှားခြင်းနှင့် ဆိုင်သောသတင်းအချက်အလက်များအရ ပြည်နယ်နှင့် တိုင်းအလိုက် မိုးခေါင်ရေရှားဖြစ်နိုင်မှု အခြေအနေကိုအဆင့်(၁၀)ဆင့်ဖြင့် ပြသထားပြီး အဆင့် (၁၀) သည် ဖြစ်နိုင်ခြေအမြင့်ဆုံးဖြစ်၍အဆင့်(၁)သည်ဖြစ်နိုင်ခြေမရှိပါ။သက်ဆိုင်ရာတာဝန်ရှိသူ၊ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ချက်အရ မြန်မာနိုင်ငံတွင် ပိုမိုတိကျသော မိုးခေါင်ရေရှား ဘေးအန္တရာယ် ကျရောက် နိုင်ခြေပြ မြေပုံ ပြုစုနိုင်ရန် မဖြစ်နိုင်ပါ။

မီးလောင်ခြင်း။ ။ မီးလောင်ခြင်းတွင်အသက်ဆုံးရှုံးမှုအတိုင်းအတာမများပြားလှသော်လည်း အဖြစ်အများဆုံးသောဘေးအန္တရာယ်အဖြစ် မြန်မာနိုင်ငံတွင်တွေ့ရှိရပြီးဒေသအလိုက် ဆုံးရှုံးပျက်စီးမှုသာရှိနိုင် ပါသည်။ ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်လေ့လာချက် တွင်ဖော်ပြထားသော အညွှန်းကိန်းများသည် မီးသတ်ဦးစီးဌာနမှ ၁၉၉၃ မှ ၂၀၀၈ အတွင်း ပြည်နယ်နှင့် တိုင်းအလိုက် မီးလောင်ကျွမ်းမှု အချက်အလက်များအပေါ် မူတည်၍ ပြုစုထားပြီး ဖြစ်နိုင်ခြေ အဆင့် (၁) မှ (၁၀) အထိ သတ်မှတ်ထားသည်။

ပဋိပက္ခ။ ။ ပဋိပက္ခနှင့်မငြိမ်သက်မှုများသည် လွတ်လပ်ရေးရစဉ်ကာလ ကတည်းကပေါ်ပေါက် ခဲ့ခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကဲ့သို့မဟုတ်ဘဲဖြစ်နိုင်ခြေရှိသော နေရာများကို သတ်မှတ်ရန် ခက်ခဲပါသည်။ ကလေးသူငယ်ဗဟိုပြုဘေးအန္တရာယ်ကျရောက်နိုင်ခြေဆန်းစစ်လေ့လာချက်တွင်ဖော်ပြထားသောတန်ဘိုးများ သည် "**Heidelberg Institute**"မှ ပြုစုထားသော မြန်မာနိုင်ငံပဋိပက္ခဆိုင်ရာ သုတေ သန ၂၀၁၃ တွင်ပါဝင်သည့် "**Conflict Barometer**" မှ ထုတ်နှုတ်၍ ဇယားများတွင် ထည့်သွင်း ဖော်ပြ ထားသည်။[8] ပြည်နယ်နှင့်တိုင်းဒေသတစ်ခုခုတွင် ဖြစ်ပေါ်သော ပဋိပက္ခသည် ထိုပြည်နယ်တိုင်း တစ်ခုလုံး ကို သက်ရောက်စေသည့် တန်ဘိုးကို တွေ့ရှိရသည်။ ပဋိပက္ခအရေအတွက် အနည်းအများပေါ်မူတည်၍ ပဋိပက္ခ၏ ပြင်းထန်မှုမြင့်မားမှုကို ဖြစ်ပေါ်စေသည်။ ဤအချက်သည် အစိတ်အပိုင်းတချို့ ကိုသာ ကိုယ်စား ပြုနိုင်ပြီး ပဋိပက္ခ၏ အတိမ်အနက် ကိုမူ ပြသနိုင်ခြင်းမရှိပါ။ "**Conflict Barometer**"မှ သတ်မှတ်ချက်ကို အဆင့်(၁) မှ(၁၀) သို့ နှိုင်းယှဉ်မှုလွယ်ကူ စေရန် ပြောင်းလဲဖော်ပြ ထားသည်။

ဒုတိယအဆင့် အနေဖြင့် အထွေထွေ ဘေးအန္တရာယ်ပြ မြေပုံညွှန်းကို ဖြစ်နိုင်ခြေရှိမှု၊ လူဦးရေ အနည်းအများ ပမာဏအပေါ် သက်ရောက်နိုင်ခြေရှိမှုပေါ်မူတည်၍ မတူညီသောဘေးအန္တရာယ်များအလိုက်အဆင့်ခွဲ သတ်မှတ်

[8] The Heidelberg conflict barometer has 5 intensity levels, corresponding to the following: 5 = war; 4 = limited war; 3 = violent crisis; 2 = non-violent crisis; 1 = dispute. Refer to pages 97 and 98 for information on conflict in Myanmar. .

ထားသည်။ ဤနေရာတွင် မီးလောင်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်မျိုးကို အသေးစိတ် သရုပ်ခွဲ လေ့လာခြင်း မပြုလုပ်ပါ။ ကလေးသူငယ်ဗဟိုပြုဘေးအန္တရာယ်ကျရောက်နိုင်ခြေဆန်းစစ်လေ့လာချက် သည် ကုလသမဂ္ဂ အဖွဲ့များအကြားမူဝါဒချမှတ်ရေးဆိုင်ရာကော်မတီလက်အောက်ခံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့များ လူသားခြင်းစာနာမှုဆိုင်ရာအဖွဲ့မှပြုစုထားသောမြန်မာနိုင်ငံအရေးပေါ်အခြေအနေတုံ့ပြန်မှုကြိုတင် ပြင်ဆင် ရေး စီမံချက် ၂၀၁၄ပါ ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိမှုဇယားကို ပြန်လည်အသုံးပြုထားပါသည်။ အပူပိုင်းမုန်တိုင်း (၂) ၊ ပဋိပက္ခ (၁.၆) ၊ ငလျင် (၁.၅)၊ ရေလွှမ်းမိုးခြင်း (၁.၅)၊ ဆူနာမီ (၁)၊ မီးလောင်ခြင်း (၀.၉) နှင့် မိုးခေါင်ရေရှားခြင်း (၀.၄)[9] တို့ဖြစ်ကြသည်။ ဤနေရာတွင် ဖော်ပြထားသည့် စာရင်းဇယားသည် သိပ္ပံနည်းကျ အစီအမံဖြင့် ဘေးအန္တရာယ် ကျရောက်နိုင်မှုကို တွက်ချက်တင်ပြထားခြင်း မဟုတ်ဘဲ အဖွဲ့အစည်းပေါင်းစုံမှ ကျွမ်းကျင်သူများနှင့်တိုင်ပင်ဆွေးနွေးဆန်းစစ်လေ့လာချက်များကိုအခြေခံ၍ မြန်မာနိုင်ငံ၏ သဘာဝဘေး အန္တရာယ်သမိုင်းကြောင်းကို ပေါင်းစပ်ကာရရှိထားသောပျက်စီးဆုံးရှုံးမှု သတင်းအချက်အလက်များဖြင့် ရေးဆွဲ ထားသောစာရင်းသာဖြစ်သည်။ဤစာရင်းပါ အချက်အလက်များသည်လည်းထပ်မံရရှိလာသော ပိုမို တိကျ သည့် သတင်းအချက်အလက်ကိန်းဂဏန်းများပေါ်မူတည်၍ ဖြစ်နိုင်ခြေရှိမှု ပြောင်းလဲခြင်းများ ဖြစ်ပေါ် နိုင်ပါသည်။[10]

| Impact | 1. Very Unlikely | 2. Unlikely | 3. Moderately Likely | 4. Likely | 5. Very likely |
|---|---|---|---|---|---|
| 5. Critical | | Storm Surge and Tsunami | Earthquake | Cyclone | |
| 4. Severe | | | | Conflict and Civil Unrest | |
| 3. Moderate | | | Fire | | Floods |
| 2. Minor | Pandemics | Drought and Landslides | | | |
| 1. Negligible | | Forest Fire | | | |
| | **Likelihood** | | | | |

| **Likelihood** : | **Impact** : |
|---|---|
| 1=Very unlikely (up to 20% chance of the event happening) | 1 = Negligible (minimal impact on overall population) |
| 2 = Unlikely (20-40%) | 2 = Minor (minor impact on overall population) |
| 3 = Moderately likely (40-60%) | 3 = Moderate (moderate impact on overall population) |
| 4 = Likely (60-80%) | 4 = Severe (severe impact on overall population) |
| 5 = Very likely (over 80%) | 5 = Critical (major impact on overall population) |

*Emergency Response Preparedness Plan, Myanmar HCT, 2014*

## အထွေထွေ ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြ မြေပုံ

အောက်တွင်ဖော်ပြထားသော အထွေထွေဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံတွင် ထိခိုက်လွယ်မှု အမြင့်ဆုံး ဒေသအဖြစ်ရခိုင်ပြည်နယ် နှင့်ဧရာဝတီတိုင်းဒေသကြီးကို အတည်ပြုညွှန်ပြထားပြီး ယင်းတို့၏ရေမြေအနေအ ထား အရ ဆိုင်ကလုန်း၊ရေလွှမ်းမိုးခြင်းနှင့် ဆူနာမီ ဘေးအန္တရာယ်များ ကျရောက်နိုင်ခြေ အမြင့်မားဆုံး ဖြစ်နေ

[9] The overall scoring of the HCT's ERP Plan was divided by 10 for ease of calculation

[10] UNDP and UN-Habitat are currently supporting the Relief and Resettlement Department to roll-out a Loss and Damage Database based on Desinventar methodology

ရှိသာမက လတ်တလောတွင် ရခိုင်ပြည်နယ်သည်လူလုပ်ပဋိပက္ခများပါ ဖြစ်ပွား နေသော ဒေသ ဖြစ်ပါသည်။ စစ်ကိုင်း၊ ရန်ကုန်နှင့် မန္တလေး တိုင်းဒေသကြီး သုံးခုသည် မြို့ပြနေ လူဦးရေ အထူထပ်ဆုံး ဖြစ်နေပြီး ဘူမိဗေဒ မြေလွှာပြတ်ရွေ့ကြော ပေါ်တွင် တည်ရှိနေကြခြင်းကြောင့် ဘေးအန္တရာယ် ကျရောက်နိုင်ခြေ မြင့်မားသော ဒေသများ ဖြစ်နေကြသည့်အပြင် မိုးခေါင်ရေရှား ဘေးဒုက္ခကိုလည်း (စစ်ကိုင်း၊ မန္တလေး) တွေ့ကြုံခံစားရနိုင်၍ ရန်ကုန်အနေဖြင့်မူ အပူပိုင်း မုန်တိုင်းများ အန္တရာယ် ရှိနေပါသည်။ မကွေးနှင့် ပဲခူး တိုင်းဒေသကြီးများသည် ဘေးအန္တရာယ် ကျရောက်နိုင်ခြေ အလယ်အလတ် အဆင့်တွင်သာ ရှိပြီး ငလျင်၊ ရေလွှမ်းမိုးမှု (ပဲခူး) နှင့် မိုးခေါင်ရေရှားခြင်း(မကွေး)တို့ကိုသာ ကြုံတွေ့နိုင်သည်။ ကျန်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးများဖြစ်သည့် ကရင်၊ ကချင်၊ ချင်း၊ ရှမ်း၊ မွန်နှင့် တနင်္သာရီ၊ ကယား တို့သည် ဘေးအန္တရာယ် ကျရောက်နိုင်ခြေ အရ သိသာသော ကွဲပြားခြားနားမှု မရှိကြသော်လည်း ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့ ထက်မူ အလွန်ပင် ဖြစ်နိုင်ခြေ နည်းပါးပါသည်။




| Multi-Hazard Risk Level | | |
|---|---|---|
| State & Region | Hazard-Level | Hazard-Range |
| Rakhine | High | 8.28 |
| Ayeryawaddy | High | 7.01 |
| Sagaing | Medium | 6.81 |
| Yangon | Medium | 6.19 |
| Mandalay | Medium | 5.46 |
| Magway | Low | 5.43 |
| Bago | Low | 5.35 |
| Kayin | Low | 4.86 |
| Kachin | Low | 4.56 |
| Chin | Low | 4.53 |
| Shan | Low | 4.21 |
| Mon | Low | 4.14 |
| Tanintharyi | Low | 4.08 |
| Kayah | Low | 4.07 |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ရာသီဥတု ပြောင်းလဲခြင်း

ဘေးအန္တရာယ်အများစု သည်မိုးလေဝသအခြေအနေ အပြောင်းအလဲများ မှပေါ်ပေါက်လာကြလေ့ရှိကြသောကြောင့်ရာသီဥတုပြောင်းလဲခြင်းက မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာဘေးအန္တရာယ် ကျရောက်နိုင်ချေ ကြိမ်နှုန်းနှင့် ပြင်းအားကိုပိုမိုဆိုးဝါးပြင်းထန်စေသည်။ ၁၉၇၇ ခုနှစ်မှအစပြု၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ မိုးလေဝသနှင့်ဇလဗေဒကိန်းဂဏန်းအချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ပြီး ပြောင်းလဲလာသောပုံသဏ္ဍန်များကိုမှတ်တမ်းတင်ပြုစုနိုင်ခဲ့ရုံသာမကမကြာမီနှစ်များအတွင်းကမှတ်သုံးရာသီ၏ ပြောင်းလဲမှုများဖြစ်သည့် ကာလတိုတောင်းလာခြင်း၊ ပြင်းထန်မှုမြင့်မားလာခြင်း ပင်လယ်ရေမျက်နှာပြင် အပူချိန် မြင့်တက်လာခြင်းနှင့် နိုင်ငံနှင့်အဝှမ်း အပူချိန်မြင့်တက်လာပြီး ပိုမိုခြောက်သွေ့ ကာ မိုးခေါင်ရေရှားမှု မြင့်တက်လာကြောင်းတွေ့ရသည်။[11] ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုသုတေသနဌာနမှ မြန်မာနိုင်ငံအား ရာသီဥတု ပြောင်းလဲခြင်းနှင့်ပါတ်သက်၍ ၁၇၆ နိုင်ငံတွင် အဆင့် ၁၆၇ သတ်မှတ် ပေးခဲ့သည်မှာ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းကိုစီမံခန့်ခွဲနိုင်စွမ်းနိမ့်ကျမှုကြောင့်ဖြစ်ပါသည်။[12]ရာသီဥတုပြောင်းလဲခြင်းကြောင့်ထိခိုက်လွယ်မှု ဖြစ်ပေါ်လာခြင်းကို ဤစာတမ်းတွင် အသိအမှတ်ပြုပြီး ယင်း၏ တိုက်ရိုက် ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိမှုကိုလည်း ၁၀% အဖြစ် ဤဆန်းစစ်ချက်တွင် တွက်ချက် ဖော်ထုတ်ညွှန်ပြထားပါသည်။

အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရေးလုပ်ငန်းစီမံချက်သည် ရာသီဥတုပြောင်းလဲမှုကြောင့်ထိခိုက်လွယ်အညွှန်းကိန်းသတ်မှတ်ချက်မြေပုံနှစ်ခုကိုထုတ်ပြန်ခဲ့ပြီးရာသီဥတု ပြောင်းလဲမှုကြောင့် ပြည်နယ်နှင့် တိုင်းအလိုက် လူမှု စီးပွားရေးကဏ္ဍများ ထိခိုက်လွယ်မှုကို ဖော်ပြချက်မြေပုံနှင့် (ပုံ ၆ ကိုကြည့်ပါ) ရာသီဥတု ပြောင်းလဲမှုကြောင့် ပြည်နယ်နှင့် တိုင်းအလိုက် ထိခိုက်မှု အကျိုးသက်ရောက်နိုင်သော လူဦးရေပြ မြေပုံ (ပုံ ၅) တို့ဖြစ်ပါသည်။ ဤစာတမ်းတွင် ပထမ အညွှန်းကိန်းကိုသာ ထည့်သွင်းစဉ်းစားထားပြီး လူဦးရေဆိုင်ရာ လစ်ဟင်းချက်ကို ထည့်သွင်း တွက်ချက် ပြီး ဖြစ်၍ ဖြစ်ပါသည်။

## ဘေးတွေ့နိုင်ခြေ

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးမဟာဗျူဟာမှ ၂၀၀၉ ခုနှစ်တွင် ဘေးတွေ့နိုင်ခြေ ကို " ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဇုန်အတွင်းတွင် ရှိပြီး ပျက်စီးဆုံးရှုံး နိုင်ချေ ရှိနေသော လူ၊ ပိုင်ဆိုင်မှု၊ စနစ်များသို့မဟုတ်အခြားသောအကြောင်းအရာများ"အဖြစ်အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ဤစာတမ်းတွင် ဘေးတွေ့နိုင်ခြေကိုသုညမှ၁စနစ်အရွယ်ရှိ ကလေးသူငယ်ဦးရေအရွယ်အစားပမာဏကို မူတည်တိုင်းတာ၍ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်သတ်မှတ်မည်ဖြစ်ပါသည်။ ၂၀၁၄သန်းခေါင်စာရင်းအရဒေသအလိုက်အထွေထွေလူဦးရေစာရင်းပေါ်အခြေခံ၍တွက်ချက်ရမည်ဖြစ်သော်လည်းအသက်အရွယ်အုပ်စုအလိုက် ကိန်းဂဏန်းများမရရှိနိုင်သေးပါ။ ထို့ကြောင့်ကလေးသူငယ်ဦးရေကို၃၅.၀၈%အချိုးဖြင့်အထွေထွေလူဦးရေမှ တွက်ထုတ်ရယူမည်ဖြစ်ပြီး

---

[11] Department of Hydrology and Meteorology, Tin Yi, Assistant Director (2012), “Climate Change Adaptation in Myanmar”, http://www.unece.org/fileadmin/DAM/env/documents/2012/wat/workshops/Transboundary_adaptation_april/presentations/6_Tin_Yi_Myanmar_Final_.pdf

[12] Global Adaptation Institute (2013), “Gain Index”, http://index.gain.org/ranking

မြန်မာနိုင်ငံ ဗဟိုစာရင်းအင်း အဖွဲ့မှ ထုတ်ဝေသော နှစ်စဉ်စာရင်းချုပ် စာအုပ်ပါ ကိန်းဂဏန်း အချို့အစားကို ရယူ အသုံးပြုမည် ဖြစ်သည်။ ၂၀၁၅ တွင် ထုတ်ပြန်မည့် သန်းခေါင်စာရင်း ရလဒ်များ နောက်ဆုံးထုတ်ပြန်ချက်ပေါ် မူတည်၍ ကိန်းဂဏန်းများကို ပြင်ဆင်သွားမည် ဖြစ်သည်။

ကလေးသူငယ်လူဦးရေသည် ကယားပြည်နယ်တွင် ၈၆၀၂၁ ဦးမှ ရန်ကုန်တိုင်းတွင် ၂၂၀၆၅၂၃ အထိ ကွဲပြားခြားနားသော လူဦးရေဖြင့် ရှိနေကြသည်။ ကိန်းဂဏန်းများ နှိုင်းယှဉ် နိုင်ရန်အလို့ငှာ ကလေးဦးရေကို အဆင့် (၁) မှ (၁၀) အထိ တွက်ချက်မှု ဇယားတွင် ခွဲခြား သတ်မှတ်ထားသည်။

## ထိခိုက်ခံရလွယ်မှုမြေပုံရေးဆွဲခြင်း

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးမဟာဗျူဟာ သည် ထိခိုက်နိုင်ခြေ ရှိမှုကို " ဘေးအန္တရာယ်၏ကျရောက်ဖျက်ဆီးမှုကြောင့်လူ့အဖွဲ့အစည်းတစ်ရပ်၊စနစ်သို့မဟုတ်ပိုင်ဆိုင်မှုအရင်းအမြစ် တို့၏ ပျက်စီးဆုံးရှုံးနိုင်သည့်သွင်ပြင်လက္ခဏာနှင့်အခြေအနေများ"ဟုအဓိပ္ပါယ်ဖွင့်ဆိုပါသည်။ဤနေရာတွင်အကြောင်းအရာထောင့်ပေါင်းစုံမှထိခိုက်လွယ်မှုများ၊ရုပ်ပိုင်း၊လူမှုရေး၊စီးပွားရေးနှင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများမှ ပေါ်ထွက်လာသည့်အမျိုးမျိုးသောပျက်စီးဆုံးရှုံးမှုများပါဝင်နေသည်။ယူနီဆက်၏ အဓိက ဦးတည် ဂရုစိုက်မည့်အကြောင်းအရာမှာကလေးများနှင့်တိုက်ရိုက်သက်ဆိုင်ပြီးအထူးသဖြင့်အဖွဲ့အစည်း၏ကူညီလုပ်ဆောင်နိုင်သော ကဏ္ဍ များ နှင့် တိုက်ရိုက်သက်ဆိုင်သော အကြောင်း အရာများသာ ဖြစ်ပါသည်။

